ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်

၁၉၈၈ ခုနှစ်

ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ

နှင့်

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များ

ပြည်သူ့လွှတ်တော်အတွက် မြန်ကြားရေး ဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ရိုက်နှိပ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်

၁၉၈၈ ခုနှစ်

ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ

နှင့်

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များ

ပြည်သူ့လွှတ်တော်အတွက် ပြန်ကြားရေး ဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ရိုက်နှိပ်သည်။

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဥပဒေများ	
၁။	၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ * (၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁)	၁
၂။	ပြည်သူ့ ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ * .... (၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂)	၉
၃။	၁၉၈၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ * .... (၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃)	၁၃
၄။	၁၉၈၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေ * .... (၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄)	၂၇
၅။	ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ * . (၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၅)	၆၅

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	နည်းဥပဒေများ	
၁။	၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ * (၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ်၂)	၆၉
	လုပ်ထုံးလုပ်နည်းများ မရှိပါ။	
	ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များ မရှိပါ။	

---

* စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဆင့်မအစည်းအဝေးတွင် အတည်ပြု ပြဋ္ဌာန်းပါသည်။

** စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်း အဝေး (ဇူလိုင်လ) တွင် အတည်ပြု ပြဋ္ဌာန်းပါသည်။

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်
စေတတ်သော ဆေးဝါးများ ဥပဒေကို
ပြင်ဆင်သည့် ဥပဒေ

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဤဥပဒေကို ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (က) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်—

(၁) ဘိန်းပင်၊ ကိုကားရွက် နှင့် ဆေးခြောက်ပင် အမျိုးမျိုး၊ ယင်းတို့မှ ထုတ်လုပ်သော အရာဝတ္ထုများ၊

(၂) ဘိန်းပင်၊ ကိုကားရွက် နှင့် ဆေးခြောက်ပင် အမျိုးမျိုးတို့မှ ပြင်ဆင်ပြုလုပ်ထားသော အရာဝတ္ထုများ၊

(၃) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး ကဲ့သို့ အာနိသင်ရှိသည့် ဓာတုဗေဒ အရာဝတ္ထု များ သို့မဟုတ် မူးယစ်ထုံထိုင်း ဘေးဖြစ် စေတတ်သော ဆေးဝါးတစ်ခုခုကို၊ ဓာတုဗေဒ အရာဝတ္ထုများနှင့် ရောစပ်ပြီး ထုတ်လုပ်သော မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး များ သို့မဟုတ် အခြားအရာဝတ္ထုများ၊

(၄) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး အဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာနက အခါအား လျော်စွာ အမိန့်ကြော်ငြာစာ ထုတ် ပြန်၍ ကြေညာထားသည့် ဆေးဝါး သို့မဟုတ် အခြား အရာဝတ္ထုများ။

၃။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဃ) အောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (င) အဖြစ် ဖြည့်စွက်ရမည်—

(င) ဆေးသုံးစွဲသူ ဆိုသည်မှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါး တစ်မျိုးမျိုးကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲသူကိုဆိုသည်။

၄။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၆–က အဖြစ် ဖြည့်စွက်ရမည်—

၆–က။ (က) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ မူးယစ်ထုံထိုင်း ဘေး ဖြစ်စေ တတ်သော ဆေးဝါးကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားခြင်းမပြုရ၊

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိနှင့် ငွေဒဏ်ကျပ် ငါးသောင်း သို့မဟုတ် သေဒဏ်ချမှတ်ခြင်း ခံရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ မြေနှင့် အဆောက်အအုံ များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၅။ ၁၉၇၅ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၇ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၇–က အဖြစ် ဖြည့်စွက်ရမည်—

၇–က။ (က) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို ရောင်း ချ ရန် အလို့ငှာ သယ်ယူပို့ဆောင်ခြင်း မပြုရ၊

(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှအများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိနှင့် ငွေဒဏ်ကျပ် ငါးသောင်း သို့မဟုတ် သေဒဏ်ချမှတ်ခြင်း ခံရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါး၊ ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ မြေနှင့် အဆောက်အအုံများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

၆။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါး များ ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုး ရမည်—

(က) ဆေးသုံးစွဲသူများသည် အစိုးရက သတ်မှတ်သော ကာလ အပိုင်းအခြားအတွင်း၌ သတ်မှတ်သည့် ဌာနများတွင် မှတ်ပုံတင်ရမည်၊

၇။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုး ရမည်—

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသော ဆေးသုံးစွဲသူ များအား ကုသပေးရေးနှင့် ပတ်သက်၍ အစိုးရသည် သင့်လျော်သည် ညွှန်ကြားချက်များ ထုတ်ပြန်ပြီး လိုအပ်သော အာဏာများ ချမှတ်ဆောင်ရွက်နိုင်သည်။

၈။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဂ) ပါ အကြောင်းအရာ အားလုံးကို ပယ်ဖျက် ရမည်။

၉။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ အခန်း (၁၃) တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၁၄-က အဖြစ် ဖြည့်စွက်ရမည်-

၁၄-က။ မည်သူမဆို အောက်ဖော်ပြပါ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးတစ်မျိုးမျိုးကို ယင်းနှင့် ယှဉ်လျဉ် ဖော်ပြထားသော အလေးချိန် သို့မဟုတ် ယင်း အလေးချိန်ထက်

ပို၍ လက်ဝယ်ထားလျှင် ဖြစ်စေ၊ သယ်ယူပို့ဆောင်လျှင် ဖြစ်စေ ပုဒ်မ ၆–က အရ ရောင်းချရန် အလို့ငှာ လက်ဝယ်ထားသည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၇–က အရ ရောင်းချရန် အလို့ငှာ သယ်ယူပို့ဆောင်သည်ဟူ၍ လည်းကောင်း မှတ်ယူရမည်—

(က) ဘိန်းဖြူဖြစ်ပါက သုံးဂရမ်၊

(ခ) မော်ဖင်းဖြစ်ပါက သုံးဂရမ်၊

(ဂ) မိုရိုအက်စီတိုင်းမော်ဖင်း ဖြစ်ပါက သုံးဂရမ်၊

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ မူးယစ်ဆုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါး စုစုပေါင်းတို့သည် သုံးဂရမ် သို့မဟုတ် ယင်းတို့အနက် နှစ်မျိုးပေါင်းသည် သုံးဂရမ်၊

(င) ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသော ဘိန်းသို့မဟုတ် ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်၊

(စ) ဆေးခြောက် သို့မဟုတ် ဆေးခြောက် အဆီသို့မဟုတ် ယင်းနှစ်ခုပေါင်း နှစ်ဆယ့်ငါးဂရမ်၊

(ဆ) ကိုကားရွက်ဖြစ်ပါက တစ်ရာဂရမ်၊

(ဇ) ကိုကင်းဖြစ်ပါက သုံးဂရမ်၊

(စျ) သက်ဆိုင်ရာ ဝန်ကြီးဌာနက မူးယစ်ဆုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးအဖြစ် အခါအားလျော်စွာ သတ်မှတ်သော ဆေးဝါး နှင့် အလေးချိန်။

ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်
ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

ပြည်သူ့ကိုယ်စားလှယ်များ၏ခံစားခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ဘုရင်ခံနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေပုဒ်မ ၁၃ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၁၃။ ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ ခံစားခွင့်ရှိသည့် ပြည်သူ့ကိုယ်စားလှယ်များသည်—

(က) သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ တာဝန်မှုရပ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်းခံရလျှင် ဖြစ်စေ၊ နုတ်ထွက်လျှင်ဖြစ်စေ ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေများကို ခံစားခွင့်မရှိစေရ၊

(ခ) တာဝန်မှ ယာယီရပ်ဆိုင်းခြင်းခံရလျှင် ယင်းသို့ ရပ်ဆိုင်းထားသည့်ကာလအတွင်း ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ၏ ငါးဆယ်ရာခိုင်နှုန်းကို ခံစားခွင့်ရှိသည်၊

(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခြင်းကိုပယ်ဖျက်၍ မူလတာဝန်ကို ပြန်လည်ပေးအပ်ခြင်းခံရလျှင် ယာယီရပ်ဆိုင်းထားသည့်ကာလအတွက် ထောက်ပံ့ကြေးသို့မဟုတ် ချီးမြှင့်ငွေ အပြည့်အဝကို ပြန်လည်ခံစားခွင့်ရှိသည်။

၃။ ပြည် သူ့ ကိုယ် စား လှယ် များ ၏ ခံစားခွင့်ဥပဒေပုဒ်မ ၃၄ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၃၄။ နိုင်ငံတော်ကောင်စီက ယာယီဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် ပြည် သူ့ ကိုယ် စား လှယ် များ သည် ယင်းသို့ တာဝန်ထမ်းဆောင်ရသည့်ကာလအတွက် ခံစားခွင့်ရှိသောထောက်ပံ့ကြေးသို့မဟုတ် ချီးမြှင့်ငွေကို ခံစားခွင့်ရှိစေရမည်။

၁၉၁၀ ခုနှစ်၊ စီးပွားရေးစိမ်ကိန်း၏ ထုတ်လုပ်မှုနှင့်
ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ
ဥပဒေ

၁၉၇၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

[၁၉၇၈ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၃]

နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် ပဉ္စမလေးနှစ်စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်များနှင့် ပဉ္စမလေးနှစ်စီမံကိန်း (၁၉၇၆-၇၇ မှ ၁၉၇၉-၈၀) ၏ ရည်မှန်း ချက်များကို ရရှိစေရန် အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၀ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၇၀-၇၉ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၁၉၇၀ ခုနှစ်၊ ပြီလ ၁ ရက်နေ့မှ စတင် အာဏာတည် ရမည်။

(ဂ) ဒိုခဆ

ဝ်ၦနွံစ ဒ္ဂ္ၚ္လၚ္လၚ္ဂ္လ္ၚဆ္ၚ္လ္ၚ္ ဒ္ဂ္ၚ္ဂ္ၚ္ၚ္ၚ္ဆ

ဝ်ၦၚ္ၚ္ၚ္ၚ္ ၚ္ၚ္ၚ္ၚ္ၚ္ၚ္ၚ္ၚ္ ၚ္ၚ္ၚ္ ဂဂၠၚ္ ၚ္ၚ္ၚ္ၚ္ၚ္
လၚ္ၚ္ၚ္ ၚ္ၚ္ၚ္ၚ္ၚ္ၚ္ၚ္ၚ္ၚ္ၚ္ ၚ္ၚ္ၚ္ၚ္ ဒ္ၚ္ၚ္
ၚ္ၚ္ၚ္ၚ္ၚ္ၚ္ ၚ္

ဝ်ၚ္ၚ္ ၚ္ၚ္ၚ္ၚ္ၚ္ ၚ္ ၚ္ၚ္ဂဂၠၚ္ ၚ္ၚ္ၚ္ၚ္ၚ္ၚ္
ၚ္ၚ္ၚ္ၚ္ၚ္ ၚ္ၚ္ ၚ္ၚ္ၚ္ ၚ္ ၚ္ၚ္ ၚ္ၚ္ ဂဂၠၚ္
။ၚ္ၚ္ၚ္

အခန်း (၂)

စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ အစည်းအဝေးက အတည်ပြုပေးခဲ့သော ပဉ္စမလေးနှစ်စီမံကိန်း ရည်မှန်းချက်များနှင့်အညီ ရေးဆွဲထားသည့် ပဉ္စမ လေးနှစ် စီ မံ ကိန်း ၏ တ တိ ယ နှစ် ဖြစ် သော ၁၉၇၀-၇၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက် အကောင်အထည် ဖော်ကြရမည်။

အမှတ်စဉ်	ကဏ္ဍများ	၁၉၈၈-၈၉ ခု၊ သက္ကာရေးနှစ်အတွက် ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်)		၁၉၈၇-၈၈ ခု၊ ယာယီစာရင်းအပေါ် ၁၉၈၈-၈၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း		တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ
		စုစုပေါင်းတန်ဖိုး	အသားတင်တန်ဖိုး	စုစုပေါင်းတန်ဖိုး အပေါ်	အသားတင်တန်ဖိုး အပေါ်	
		ကျပ်သန်းပေါင်း		ရာခိုင်နှုန်း		
၁	၂	၃	၄	၅	၆	၇
၁	လယ်ယာ	၆၇၄၈.၂	၅၉၄၃.၉	၄.၂	၂.၈	- ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မတီ၊ - ပြည်သူ့ကောင်စီအဆင့်ဆင့်၊ - လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ စက်မှုလယ်ယာဦးစီးဌာန၊ ပြည်သူ့လုပ်အား နေရာချထားရေးအဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာန၊ - အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၊ ဂုန်လျော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းနှင့် ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ - သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန၊ - ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အကျဉ်းဦးစီးဌာန။
၂	သားငါး	၂၁၁၅.၆	၁၅၃၇.၈	၆.၂	၄.၂	- ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ - ပြည်သူ့ကောင်စီအဆင့်ဆင့်၊ - မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေလုပ်ငန်းကော်ပိုရေးရှင်း၊ မွေးမြူရေးလုပ်ငန်းကော်ပိုရေးရှင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၊ - လယ်ယာနှင့်သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့၊ - အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ - သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန၊ - သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ပုလဲရတနာကော်ပိုရေးရှင်း။
၃	သစ်တော	၆၉၂.၁	၄၄၃.၆	၅.၉	၄.၀	- ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ - ပြည်သူ့ကောင်စီအဆင့်ဆင့်၊ - လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်းနှင့် သစ်တောဦးစီးဌာန၊ - သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။
၄	သတ္တု	၄၈၆.၇	၂၉၃.၅	၁၂.၀	၁၂.၈	- ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ - ပြည်သူ့ကောင်စီအဆင့်ဆင့်၊ - သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အမှတ် (၁) သတ္တုတူးဖော် ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၂) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၃) သတ္တုတူးဖော်ဆုတ်လုပ်ရေးကော်ပိုရေးရှင်း၊ မြန်မာ့ ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနနှင့် စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန၊ - စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရေနံကော်ပိုရေးရှင်း၊ - အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ - ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အကျဉ်းဦးစီးဌာန၊ - သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။
၅	စက်မှုလက်မှု	၉၂၃၀.၆	၂၀၉၈.၆	၂.၂	၂.၇	- ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ - ပြည်သူ့ကောင်စီအဆင့်ဆင့်၊

အမှတ်စဉ်	ကဏ္ဍများ	၁၉၈၈-၈၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်)		၁၉၀၇-၀၈ ခု၊ ယာယီစာရင်းအရပေါ် ၁၉၀၈-၀၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း		တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ
		စုစုပေါင်းတန်ဖိုး	ကဏ္ဍတင်တန်ဖိုး	စုစုပေါင်းတန်ဖိုး ဘရပေါ်	အသားတင်တန်ဖိုး အရပေါ်	
		ကျပ်သန်းပေါင်း		ကိုးခိုင်နှုန်း		
၁	၂	၃	၄	၅	၆	၇
၅	**စက်မှုလက်မှု။** ။အဆုံး					- အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလုက်အောက်ရှိ ဓားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၊ ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ ကြေးထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းနှင့် ဒေသန္တရစက်မှုလက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှု ညွှန်ကြားရေးဦးစီးဌာန၊ - အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလုက်အောက်ရှိ စက်မှုဓာတ်ရွက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ ဗဟိုသုတေသနလုပ်ငန်းအဖွဲ့နှင့် ဝါဒီလုပ်ငန်းခွဲမံကိန်း၊ - စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်းနှင့် မြန်မာ့ရေနံ ကော်ပိုရေးရှင်း၊ - လယ်ယာနှင့် သစ်တောပန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ - မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေလုပ်ငန်းကော်ပိုရေးရှင်းနှင့် မွေးမြူရေး သုတ်ငန်း ကော်ပိုရေးရှင်း၊ - သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်းနှင့် ဆားလုပ်ငန်းကော်ပိုရေးရှင်း၊ - ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ - ပြည်ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သတင်းကျင်းကော်ပိုရေးရှင်း၊ ရထားပြည်ဆောင်ရေးကော်ပို ရေးရှင်း၊ ကုန်းလမ်းပြည်ဆောင်ရေးကော်ပိုရေးရှင်း၊ ရေကြောင်းပြည်ဆောင်ရေးကော်ပိုရေးရှင်း၊ ဆိပ်ကမ်းကော်ပိုရေးရှင်းနှင့် ရေကြောင်း ပြည်ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ - ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေတွက် ကုန်ပစ္စည်း ကုန်သွယ်ရေးကော် ပိုရေးရှင်း၊ ဓားသောက်ကုန်းနှင့် အထွေထွေကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း၊ ဓားသောက်ဆိုင်းနှင့်အလျော်ယမကာ ကုန်သွယ်ရေး ကော်ပိုရေးရှင်း၊ ဆေးနှင့် ဆေးပစ္စည်းကုန်သွယ်ရေး ကော်ပိုရေးရှင်းနှင့် စက္ကူ စာရေးကိရိယာ စာအုပ်နှင့် ဓာတ်ပုံပစ္စည်းကဲ့နှင့်သွယ်ရေး ကော်ပိုရေးရှင်း၊ - မြန်ကြာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ - ပညာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဆင့်မြင့်ပညာဦးစီးဌာန၊ - ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သာသနာရေးဦးစီးဌာန၊ - ကာကွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကာကွယ်ရေးစက်ပစ္စည်းစက်ရုံ၊ - သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာနနှင့် အိမ်ဘွဲ့းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန။
၆	လျှပ်စစ်ဓာတ်အား	၅၉၈.၀	၃၄၇.၅	၈.၅	၈.၆	- ဝန်ကြီးဌာနဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည်ကော်မဟီ၊ - ပြည်သူ့ကောင်စီအဆင့်ဆင့်၊ - စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊ - အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဒေသန္တရစက်မှုလက်မှုကြီးကြပ်ရေးနှင့်လုပ်ငန်းစစ်ဆေးမှုညွှန်ကြားရေး ဦးစီးဌာန၊ - သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။

အမှတ်စဉ်	ကဏ္ဍများ	၁၉၈၈-၈၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန် ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်)		၁၉၈၇-၈၈ ခု၊ ယာယီစာရင်းအပေါ် ၁၉၈၈-၈၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း		တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ
		စုစုပေါင်းတန်ဖိုး	အသားတင်တန်ဖိုး	စုစုပေါင်းတန်ဖိုး အပေါ်	အသားတင်တန်ဖိုး အပေါ်	
		ကျပ်သန်းပေါင်း		ရာခိုင်နှုန်း		
၁	၂	၃	၄	၅	၆	၇
၇	ဆောက်လုပ်ရေး	၁၆၂၄.၀	၅၄၄.၁	(–) ၂.၅	(–)၃.၂	– ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ – ပြည်သူ့ကောင်စီအဆင့်ဆင့်၊ – ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ – ကိုယ်ပိုင်ဆောက်လုပ်မှုလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်သည့် နိုင်ငံတော်အဖွဲ့အစည်းများ၊ – သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။
၈	ပို့ဆောင်ရေး	၁၉၂၃.၈	၁၁၄၉.၂	၂.၁	၂.၅	– ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ – ပြည်သူ့ကောင်စီအဆင့်ဆင့်၊ – ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကုန်းလမ်း ပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကြယ်ငါးပွင့်သတော်ကော်ပိုရေးရှင်း၊ လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ဆိပ်ကမ်းကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်ရေးဦးစီးဌာန၊ – သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။
၉	ဆက်သွယ်ရေး	၂၆၂.၁	၂၀၆.၈	၇.၅	၆.၄	– ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ – ပြည်သူ့ကောင်စီအဆင့်ဆင့်၊ – ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးကော်ပိုရေးရှင်း။
၁၀	ငွေရေးကြေးရေး	၁၅၆၄.၈	၉၅၉.၀	၅.၁	၄.၇	– ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ – ပြည်သူ့ကောင်စီအဆင့်ဆင့်၊ – စီမံကိန်းနှင့် ဘဏ္ဍာမျေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း၊ – သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။
၁၁	လူမှုရေးနှင့် စီမံခန့်ခွဲရေး	၄၀၄၂.၇	၂၂၃၀.၆	၁.၀	၁.၂	– နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ သို့မဟုတ် ထိုအဖွဲ့အစည်း အသီးသီးက တာဝန်ပေးမည့် ဌာန၊ ရုံး၊ ကော်မတီ၊ – ပြည်သူ့ကောင်စီအဆင့်ဆင့်၊ – ပညာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊ – ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊ – လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊ – ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊ – ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန. – အလုပ်သမားဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊ – ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊ – သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန၊ – နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊

အမှတ်စဉ်	ကဏ္ဍများ	၁၉၈၈-၈၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန် ဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်)		၁၉၈၇-၈၈ ခု၊ ယာယီစာရင်းအပေါ် ၁၉၈၈-၈၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း		တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ
		စုစုပေါင်းတန်ဖိုး	အသားတင်တန်ဖိုး	စုစုပေါင်းတန်ဖိုး အပေါ်	အသားတင်တန်ဖိုး အပေါ်	
		ကျပ်သန်းပေါင်း		ရာခိုင်နှုန်း		
၁	၂	၃	၄	၅	၆	၇
၁၁	လူမှုရေးနှင့် စီမံခန့်ခွဲရေး။ ။အဆုံး					– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊ – ကာကွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊ – ဝန်ကြီးဌာနအသီးသီး၏ ဝန်ကြီးရုံးများနှင့် အခြားကျန်ရှိသော စီမံခန့်ခွဲရေးအဖွဲ့အစည်းများ။
၁၂	အိမ်ငှားခနှင့် အခြားဝန်ဆောင်မှု	၁၄၈၂.၀	၁၂၂၀.၅	၁.၂	၁.၁	– ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ – ပြည်သူ့ကောင်စီအဆင့်ဆင့်၊ – ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အိုးအိမ်ဦးစီးဌာန၊ – ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးကော်ပိုရေးရှင်း၊ – ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရုပ်ရှင်ကော်ပိုရေးရှင်း၊ – ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆိပ်ကမ်းကော်ပိုရေးရှင်း၊ – သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။
၁၃	ကုန်သွယ်မှုတန်ဖိုး	၅၃၇၂.၀	၄၁၃၅.၃	၀.၅	၀.၄	– ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ – ပြည်သူ့ကောင်စီအဆင့်ဆင့်၊ – ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေးကော်ပိုရေးရှင်းများ၊ – စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေးကော်ပိုရေးရှ – လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ – ထုတ်လုပ်သူများထံမှ ကုန်ပစ္စည်းများကို တိုက်ရိုက်ဝယ်ယူသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ – စားသုံးသူနှင့် လုပ်ငန်းရှင်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ – သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။
၁၄	စုစုပေါင်း	၃၆၀၄၄.၁	၂၁၂၀၀.၄	၂.၆	၂.၃	

ယေား။ ။အဆက်

အမှတ်စဉ်	ကဏ္ဍများ	၁၉၈၈-၈၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်)		၁၉၈၇-၈၈ ခု၊ ယာယီစာရင်းအပေါ် ၁၉၈၈-၈၉ ခုနှစ် ရည်မှန်းချက်များ၏တိုးတက်မှုနှုန်း		တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ
		စုစုပေါင်းတန်ဖိုး	အသားတင်တန်ဖိုး	စုစုပေါင်းတန်ဖိုး အပေါ်	အသားတင်တန်ဖိုး အပေါ်	
		ကျပ်သန်းပေါင်း		ရာခိုင်နှုန်း		
၁	၂	၃	၄	၅	၆	၇
၁၅	နိုင်ငံခြားသို့ ပို့ကုန်တန်ဖိုး (သဘော်ပေါ်ရောက်တန်ဖိုး)	၉၃၂.၀	—	၁၁.၁	—	- ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊ - ပြည်သူ့ကောင်စီအဆင့်ဆင့်၊ - ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန် ပစ္စည်း ကုန် သွယ် ရေး ကော်ပိုရေးရှင်း၊ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း၊ မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း၊ စားသောက်ဆိုင်နှင့် အဖျော်ယမကာကုန်သွယ်ရေးကော်ပိုရေးရှင်း၊ ကုန်တိုက်ကြီးများ ကော်ပိုရေးရှင်း၊ စက္ကူစာရေးကိရိယာ့စာအုပ်နှင့် ဓာတ်ပုံပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ ဆေးနှင့် ဆေးပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း၊ ယာဉ်နှင့် စက်ကိရိယာပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်းနှင့် ဆောက်လုပ်ရေးနှင့် လျှပ်စုစ်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ - လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ် ယာ စိုက် ပျိုး ရေး ကော် ပို ရေး ရှင်း နှင့် သစ်လုပ်ငန်း ကော်ပိုရေးရှင်း၊ - မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေလုပ်ငန်းကော်ပိုရေးရှင်းနှင့် မွေးမြူရေးလုပ်ငန်း ကော်ပိုရေးရှင်း၊ - သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အမှတ် (၁) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၂) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်းနှင့် မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊ - အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကြေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ အထွေထွေစက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း၊ ဂုန်လျော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းနှင့် စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်း၊ - အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ - စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်း၊ - ပြည်ပသို့ တိုက်ရိုက်တင်ပို့ရောင်းချသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ။
၁၆	ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	—	၂၁၂၀၀.၄	—	၂.၃	
၁၇	ပြည်တွင်းသုံးရန်တန်ဖိုး	၂၁၁၃၆.၇	—	၁.၉	—	
၁၈	စားသုံးရန်လျာထားသည့်တန်ဖိုး	၁၈၈၇၀.၀	—	၂.၂	—	
၁၉	ငွေရင်းမြှုပ်နှံရန်လျာထားသည့်တန်ဖိုး	၂၄၀၅.၂	—	(-) ၁၁.၃	—	

အမှတ်စဉ်	ကဏ္ဍများ	၁၉၇၇-၇၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်)		၁၉၇၃-၇၄ ခု၊ ယာယီစာရင်းအပေါ် ၁၉၇၇-၇၈ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း		တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ
		စုစုပေါင်းတန်ဖိုး	အသားတင်တန်ဖိုး	စုစုပေါင်းတန်ဖိုး အပေါ်	အသားတင်တန်ဖိုး အပေါ်	
		ကျပ်		ရာခိုင်နှုန်း		
၁	၂	၃	၄	၅	၆	၇
၂၀	လူ တစ် ဦး စီ အတွက် ပျမ်း မျှ ထုတ် လုပ် မှု နှင့် ဝန်ဆောင်မှုတန်ဖိုး	၉၁၆	...	၀.၅	...	
၂၁	လူတစ်ဦးစီအတွက် ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး	၅၇၉	...	၀.၄	...	
၂၂	လူတစ်ဦးစီအတွက်ပျမ်းမျှဝင်ငွေ ...	၅၇၉	...	[illegible]	...	
၂၃	လူတစ်ဦးစီအတွက်ပျမ်းမျှစားသုံးမှုတန်ဖိုး ...	၄၈၀	...	၀.၂	...	
၂၄	လူတစ်ဦးစီ၏ပျမ်းမျှရင်းနှီးမြှုပ်နှံမှုတန်ဖိုး ...	၆၁	...	(−) ၁၂.၉	...	
၂၅	အလုပ်လုပ်သူတစ်ဦး၏ ပျမ်း မျှ ထုတ် လုပ် မှု နှင့် ဝန်ဆောင်မှု တန်ဖိုး	၂၂၉၁	...	၀.၄	...	
၂၆	အလုပ်လုပ်သူတစ်ဦး၏ ပျမ်းမျှ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	၁၃၁၂	...	၀.၂	...	

၁၉၇၀ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
အရ အသုံးဆိုင်ရာ ဥပဒေ

:နံၣ်ငၤဒိၣ် ပှၤခၢဂီ| ဂၤယၤဝၤစၢ ဒုဝဲၤဆိၣ်ခဲၢ်ပှၤလိ: ငၤဒုဂိၣ်
ပှၤဂိၤ ခၢဂီ ငၤလၢပှၤလိ:ငၤဒုဂိၣ် ၊ဖှနံၣ် ပဝဲၣ်ဝဲ]

ခၢဂီ ယဲၤ၃ၤဝိၣ်နံၤ ဖၤ
ဒီခၤယိၤယ ဖျၢၤလၢ၃၃ှ်ု ၊ဖှနံၣ် ပပဝဲ

အပိုင်း ၁

အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၈-၈၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာ တည်ရမည်။

အပိုင်း ၂

ဘဏ္ဍာ ရန်ပုံငွေ

ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေနှင့် နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေ

၂။ (က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံး၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်ဆောင်ရွက် ရမည်၊

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

အပိုင်း ၃

နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

အခန်း (၁)

ရည်မှားနှင့် သုံးငွေများ

(က) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရည်နှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၆)၊ (၇)၊ (၈) နှင့် (၉) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအတွက် ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်၊

(ဂ) ရင်ဒေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်း များနှင့် အညီ ဆောင်ရွက်ရမည်၊

(ဃ) ဇယား(၆)နှင့် (ဂ)တို့တွင် ဖော်ပြလျာထားသော ရင်ဒေများအနက် ပြည်ပအကူအညီရင်ဒေနှင့် အခန်း (၄) အရ ချေးယူရင်ဒေ တို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ ပိုမိုရရှိသော ပြည်ပအကူအညီရင်ဒေ၊ ချေးယူရင်ဒေ တို့ဖြင့် ကျခံရမည့်လုပ်ငန်းအသုံးစရိတ်များကို ဇယား (၇) နှင့် (၉)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့က စီစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှအကူအညီ ရင်ဒေ၊ ချေးယူရင်ဒေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များကိုမူ ဇယား(၇) နှင့် (၉) တို့တွင် ဖော်ပြခွင့်ပြုထားသော ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။ ဇယား (၇) နှင့် (၉) တို့တွင် ဖော်ပြ ထားသော ငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရင်ဒေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရင်ဒေတို့ထက် တိုးရရှိဖြစ်စေ၊ လျော့ရှုံးဖြစ်စေ ရသော ရင်ဒေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန များနှင့် ဦးစီးဌာနများသည် သုံးဒေများကို စီမံခန့်ခွဲရာ တွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးဒေများအတွင်း ဒေစာရင်း ခေါင်းစဉ် လွဲပြောင်းသုံးစွဲသည့် အသုံးစရိတ် များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ် များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထဲရေး လုတ်တော်သို့ တင်ပြသော ၁၉၈၈-၈၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်း ခြေ ဒေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပိုမို သုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုး အကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လုတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

အခန်း (၂)

အခွန်နှုန်းထားများ ပြုပြင်သတ်မှတ်ခြင်း

၅။ (က) ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် တစ်ဝန်းလုံးရှိလယ်ယာမြေအားလုံးပေါ်တွင် သီးနှံများကို စိုက်ပျိုး ထုတ်လုပ်သူ တောင်သူ လယ်သမားများသည် ပေးဆောင် နေကျဖြစ်သော မြေခွန်ကို ဒေကြေးဖြင့် မဟုတ်ဘဲ သီးနှံအလိုက် သတ်မှတ်ထားသော နှုန်းထား များဖြင့် ဝန်ကြီးအဖွဲ့၏ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် နေ့စွဲပါ အမိန့် ကြော်ငြာစာ အမှတ် ၉/၈၇ ပါ ဇယားများဖြစ်သော ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း ပေးဆောင်စေရမည်၊

(ခ) လက်ကားရောင်းဝယ်သည့် နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် စပါးကိုဝယ်ယူ၍ စပါးအဖြစ်ရောင်းချလျှင် သော်လည်းကောင်း၊ စပါးမှ ဆန်အဖြစ် ကြိတ်ခွဲပြီး ဆန်အဖြစ် ရောင်းချလျှင်သော်လည်းကောင်း ဝန်ကြီးအဖွဲ့၏ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၀/၇၇ အရ ဝယ်ယူသော ပမာဏ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော စပါးကို အခွန်အဖြစ် ပေးဆောင်စေရမည်၊ ဆန်ကိုသာ ဝယ်ယူရောင်းချလျှင် ဝယ်ယူသောပမာဏ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောဆန်ကို အခွန်အဖြစ် ပေးဆောင်စေရမည်၊

(ဂ) နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် သတ်မှတ် ထားသည့် သီးနှံများကို လက်ကားရောင်းဝယ်သည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ သီးနှံအလိုက် သတ်မှတ်ထားသော နှုန်းထားများဖြင့် အခွန်ကို ဝန်ကြီးအဖွဲ့၏ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၇၇ ပါ ဇယားဖြစ်သော ဇယား (၄) တွင် ဖော်ပြထားသည့် အတိုင်း ပေးဆောင်စေရမည်၊

(ဃ) နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် သတ်မှတ်ထားသည့် ဆီထွက် သီးနှံများနှင့် ဂျုံကို လက်ကားရောင်းဝယ်သည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ သီးနှံအလိုက် သတ်မှတ်ထားသော နှုန်းထားများဖြင့် အခွန်ကို ဝန်ကြီးအဖွဲ့၏ ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၇၇ ပါ ဇယား ဖြစ်သော ဇယား (၅) တွင် ဖော်ပြထားသည့်အတိုင်း ပေးဆောင်စေရမည်၊

(င) ဤပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များသည် နောက်ထပ်ပြင်ဆင်ခြင်းမပြုမီ ကာလအတွင်း အကျိုးသက်ရောက်စေရမည်။

အခန်း (၃)

သီးသန့် ရန်ပုံငွေ

၆။ (က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ဝန်ကြီးဌာန များနှင့် ဦးစီးဌာနများသည် ဇယား(၉) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်း ချက်များနှင့် အညီ သာလျှင် ဆောင်ရွက်ခွင့် ရှိသည်—

(၁) ကြိုတင်မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ် အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စ ဖြစ်ခြင်း၊

(၃) ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း များ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်း ကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ် လွှဲပြောင်းကျခံရန် အဆွက်ရန်ပုံငွေ မရှိခြင်း၊

(ခ) သီးသန့် ရန်ပုံငွေမှ ကျခံ သုံးစွဲခြင်းကို ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက် အရသာခွင့်ပြုရမည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စ ရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြ ချက်များနှင့်အတူ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

အခန်း (၄)

ငွေချေးယူခြင်း

၇။ (က) ဝန်ကြီးအဖွဲ့သည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရ သုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက် ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ချေးယူရရှိသည့် ငွေကို နိုင်ငံတော်၏ စီး ပွား ရေး အဖွဲ့အစည်းများ၊ စည် ပင် သာ ယာ ရေး ကော်မတီများနှင့် စည် ပင် သာ ယာ ရေး အဖွဲ့များသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည် ထုတ်ချေးနိုင်သည်။

၈။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းပါ လုပ်ငန်း စီမံချက်များ အတွက် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၀။ (က) ဝန်ကြီးအဖွဲ့သည် ဤအခန်း(၄)ပါ ကိစ္စရပ်များအား လုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးအား လိုအပ်သော သတ်မှတ်ချက်များနှင့်အညီ လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၄) အရ ငွေချေးယူလေ့ ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ၁၉၈၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၄) အရ ငွေချေး စာချုပ် ချုပ်ဆိုပြီးနောက် အမှန် တကယ် ချေး ယူလက် ခံ ရရှိသည့်ငွေ စုစုပေါင်းသည် ကျပ် သန်းလေးထောင် ပမာဏထက် မပိုစေရ။

သီးနှံဖြင့် တစ်ကေပေးဆောင်ရမည့်နှုန်း

ရေတွက်ပုံ=တင်း

အမှတ်စဉ်	ပြည်နယ်/တိုင်း	သီးနှံ အမည်	စိုက်ကေ	တစ်ကေ ပေးဆောင်ရမည့် နှုန်း			
				ဆည်ရေသောက်	မိုးဖြင့်စိုက်	မိုးကောင်းသောက်/ရေနက်ကွင်း/ရေကျနောက်စိုက်/မုရင်း	တောင်ယာ/လေ့ကားထစ်
၁	၂	၃	၄	၅	၆	၇	၈
၁	ရေတူဝတီ၊ ပဲခူး၊ ရန်ကုန်၊ မွန်၊ ရခိုင်၊ တနင်္သာရီ	စပါး	၄ ကေအထိ	....	၂	....	၁
			၄.၁ ကေမှ ၁၀ ကေအထိ	....	၃	....	၁
			၁၀.၁ ကေမှ အထက်	....	၄	....	၁
၂	မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ကချင်၊ ကယား၊ ကရင်၊ ရှမ်း	စပါး	၄ ကေအထိ	၂	....	၁	၁
			၄.၁ ကေမှ ၁၀ ကေအထိ	၃	....	၂	၁
			၁၀.၁ ကေမှ အထက်	၄	....	၃	၁
၃	ချင်း	စပါး (ရေမြေအနေအထားအလိုက် စိုက်ပျိုးသည့် စပါးအားလုံး ပါဝင်ပါသည်။)	၁ ကေမှ အထက်	....	....	....	၁

မှတ်ချက်။ ၁။ စပါးနှစ်မျိုး သုံးမျိုးစသည်ဖြင့် စိုက်ပျိုးပါက မိမိအများဆုံးအချိုးအစားစိုက်ပျိုးသည့် စပါးအမျိုးအစားကို အခွန်အဖြစ် ပေးဆောင်ရပါမည်။

၂။ ဖုန်၊ သဲ၊ ခဲပါဝင်မှု၊ အစိုခံတပါဝင်မှုနှင့် စပါးအရည်အချင်းတို့သည် သတ်မှတ်ခွင့်ပြုထားသည့်ဘောင်အတွင်း ဖြစ်စေရပါမည်။

၃။ ကေသတ်မှတ်ရာတွင် ဒသမ ၁ (၀.၁) မှ ဒသမ ၄ (၀.၄) အထိကို ကေဝက် ဟု သတ်မှတ်ရန်နှင့် ဒသမ ၅ (၀.၅) မှ ဒသမ ၉ (၀.၉) အထိကို တစ်ကေ ဟု သတ်မှတ်ရန်ဖြစ်ပါသည်။

ဥပမာ။ (က) ၃.၁ ကေမှ ၃.၄ ကေအထိကို ၃ ကေခွဲဟု သတ်မှတ်ရန်၊
(ခ) ၃.၅ ကေမှ ၃.၉ ကေအထိကို ၄ ကေဟု သတ်မှတ်ရန်။

၄။ စပါးစိုက်ပျိုးသည့်မြေတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါစသည့် သီးနှံများကို ဆည်ရေအသုံးပြု၍ သီးထပ်အဖြစ် ထပ်မံစိုက်ပျိုးလျှင် စိုက်ပျိုးသည့်သီးနှံအလိုက် သတ်မှတ်ထားသည့်နှုန်းဖြင့် အခွန်ကို ထပ်မံကောက်ခံရန်ဖြစ်ပါသည်။ (ရေခွန်ကောက်ခံရန် မလိုပါ။)

သီးနှံဖြင့် တစ်ကေပေးဆောင်ရမည့်နှုန်း

အမှတ်စဉ်	သီးနှံအမည်	ရေတွက်ပုံ	တစ်ကေပေးဆောင်ရမည့်နှုန်း	မှတ်ချက်
၁	၂	၃	၄	၅
၁	ပဲမျိုးစုံ			
	မတ်ပဲ	တင်း	၂	သီးနှံအလိုက် အချိန်အတွယ်၊ အစိုဓာတ်၊ အဖျင်း၊ အမှေ့ပြာ၊ ဖုန်၊ သဲ၊ ခဲ၊ ပိုးထိုး ပိုးကိုက်နှင့် အခြား ချတ်ယွင်းချက်ပါသော ပဲ (လုံးဝိန် လုံးညှပ်၊ အပိန် အရှုံ၊ အပူလောင်၊ အရောင်ပျက်၊ ပဲမျိုးကွဲ၊ အကျိုးအကြေ၊ ပဲညီအစ်မ) တို့ကို သတ်မှတ်ခွင့်ပြုထားသည့် တောင်အတွင်း ဖြစ်စေရပါမည်။
	ပဲတီစိမ်း	။	၂	
	ထောပတ်ပဲ	။	၂	
	ဗိုလ်ကိတ်ပဲ	။	၂	
	စွန်တာနီ	။	၂	
	စွန်တာပြာ	။	၂	
	ကုလားပဲ	။	၂	
	ပဲလွမ်း	။	၂	
	ပဲစင်းငုံ	။	၂	
	ပဲယဉ်း	။	၂	
	ပဲဖြူကလေး	။	၂	
	ပဲကြီး	။	၂	
	ပဲကျား	။	၂	
	စားတော်ပဲ	။	၂	
	ပဲရာဇာ	။	၂	
	ပဲနောက်	။	၂	

သီးနှံဖြင့် တစ်ကေ ပေးဆောင်ရမည့်နှုန်း

အမှတ်စဉ်	သီးနှံအမည်	ရေတွက်ပုံ	တစ်ကေပေးဆောင်ရမည့်နှုန်း	မှတ်ချက်
၁	၂	၃	၄	၅
၂	**ဆီထွက်သီးနှံများ**			
	မိုးမြေပဲ	တင်း	၃	
	ဆောင်းမြေပဲ	"	၁	
	နှမ်း	"	၃	
	နေကြာ	"	၁	
၃	**နှံစဉ်းသီးနှံများ**			
	ဂျုံ	တင်း	၃	
	နှံစားပြောင်း	"	၃	
	အစေ့ထုတ်ပြောင်း	"	၃	
၄	**အခြားသီးနှံများ**			
	စားကြံ (လယ်ယာမြေတွင် စိုက်ပျိုးခြင်း)		*	* ရောင်တီတိုင်း၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တစ်ကေ စပါး ၁၀ တင်းနှုန်း၊ ကျွန်ပြည်နယ်နှင့် တိုင်းတို့တွင် တစ်ကေ စပါး ၁၀ တင်းနှုန်း သို့မဟုတ် မြေပဲ ၃ တင်းနှုန်း သို့မဟုတ် နှမ်း ၁ တင်းနှုန်း ပေးဆောင်ရန် ဖြစ်ပါသည်။
	ငှက်ပျော (လယ်ယာမြေတွင် စိုက်ပျိုးခြင်း)		*	
	အခြားသီးနှံ (လယ်ယာမြေတွင် စိုက်ပျိုးခြင်း)		*	

မှတ်ချက်။ ၁။ သီးထပ် သီးညှပ်စိုက်ပျိုးလျှင် မြေခွန်ကို အဓိကသီးနှံတစ်မျိုးအတွက်သာ ပေးဆောင်ရန် ဖြစ်ပါသည်။

၂။ ဆည်ရေသောက်ဒေသတွင် ဆည်ရေကိုအသုံးပြု၍ သီးထပ်စိုက်ပျိုးလျှင် စိုက်ပျိုးသည့် သီးနှံအလိုက် သတ်မှတ်သည့်နှုန်းဖြင့် အခွန်ကို ထပ်မံကောက်ခံရန် ဖြစ်ပါသည်။ (ရေခွန်ကောက်ခံရန် မလိုပါ။)

သီးနှံဖြင့် တစ်ကေပေးဆောင်ရမည့်နှုန်း

အမှတ်စဉ်	သီးနှံအမည်	ရေတွက်ပုံ	တစ်ကေ ပေးဆောင်ရမည့်နှုန်း	မှတ်ချက်
၁	၂	၃	၄	၅
၁	စက်မှုကုန်ကြမ်းသီးနှံများ			
	ဝါကြီး	ပိဿာ	၁၃	ကြွယ်မပါစေရပါ။
	ဝါကလေး	″	၁၃	″
	မလှိုင် ၅/၆	″	၁၃	″
	ချည်မျှင်ရှည်ဝါ	″	၁၃	″
	ချက်ကြံ	တန်	၄	အချိုဓာတ်အနိမ့်ဆုံး ၁၁ ရာခိုင်နှုန်း ဖြစ်ရပါမည်။

မှတ်ချက်။ ၁။ သီးညှပ်စိုက်ပျိုးလျှင် မြေခွန်ကို အဓိကသီးနှံတစ်မျိုးအတွက်သာ ပေးဆောင်ခန့် ဖြစ်ပါသည်။

၂။ ချည်မျှင်ရှည်ဝါ စိုက်ပျိုးပြီးနောက် ဆည်ရေကိုအသုံးပြု၍ သီးထပ်စိုက်ပျိုးလျှင် ချည်မျှင်ရှည်ဝါအတွက် သတ်မှတ်သည့်နှုန်းဖြင့် အခွန်ကောက်ခံရန်အပြင် သီးထပ်စိုက်ပျိုးသည့် သီးနှံအတွက်ပါ သတ်မှတ်သည့်နှုန်းဖြင့် အခွန်ကောက်ခံရန် ဖြစ်ပါသည်။ (ခေခွန်ကောက်ခံရန် မလိုပါ။)

ဇယား (၄)

လက်ကားမှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်များက သီးနှံဖြင့် ပေးဆောင်ရမည့် အခွန်နှုန်းထား

အမှတ်စဉ်	ဝယ်ယူသည့်သီးနှံအမည်	ရေတွက်ပုံ	ပေးဆောင်ရမည့်သီးနှံ	ပေးဆောင်ရမည့် အခွန်နှုန်းထား	မှတ်ချက်
၁	၂	၃	၄	၅	၆
၁	မတ်ပဲ	တင်း (သို့မဟုတ်) တန်	မတ်ပဲ	၅%	ဝယ်ယူသည့် သီးနှံပမာဏအပေါ် ပေးဆောင်ရန်
၂	ပဲတီစိမ်း	〃	ပဲတီစိမ်း	၅%	〃
၃	ထောပတ်ပဲ	〃	ထောပတ်ပဲ	၅%	〃
၄	စွန်တာနီ	〃	စွန်တာနီ	၅%	〃
၅	စွန်တာပြာ	〃	စွန်တာပြာ	၅%	〃
၆	ပဲစင်းငုံ	〃	ပဲစင်းငုံ	၅%	〃
၇	ပဲယဉ်းနု	〃	ပဲယဉ်း	၅%	〃
၈	ဗိုလ်ကိတ်ပဲ	〃	ဗိုလ်ကိတ်ပဲ	၅%	〃
၉	ကုလားပဲ	〃	ကုလားပဲ	၅%	〃
၁၀	ပဲလွမ်း	〃	ပဲလွမ်း	၅%	〃
၁၁	ပဲဖြူကလေး	〃	ပဲဖြူကလေး	၅%	〃
၁၂	ပဲကြီး	〃	ပဲကြီး	၅%	〃
၁၃	ပဲကျား	〃	ပဲကျား	၅%	〃
၁၄	စားတော်ပဲ	〃	စားတော်ပဲ	၅%	〃
၁၅	ပဲဆာဇာ (ပဲနီကလေး)	〃	ပဲဆာဇာ (ပဲနီကလေး)	၅%	〃
၁၆	ပဲနောက်	〃	ပဲနောက်	၅%	〃
၁၇	ပြောင်းဖူးစေ့ (အစေ့ထုတ်ပြောင်း)	〃	ပြောင်းဖူးစေ့ (အစေ့ထုတ်ပြောင်း)	၅%	〃

ဇယား (၅)

လက်ကားမှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်များက သီးနှံဖြင့် ပေးဆောင်ရမည့် အခွန်နှုန်းထား

အမှတ်စဉ်	ဝယ်ယူသည့် သီးနှံအမည်	ရေတွက်ပုံ	ပေးဆောင်ရမည့်သီးနှံ	ပေးဆောင်ရမည့် အခွန်နှုန်းထား	မှတ်ချက်
၁	၂	၃	၄	၅	၆
၁	မိုးမြေပဲ (မြေပဲတောင့်/မြေပဲဆန်)	တင်း (သို့မဟုတ်) တန် (သို့မဟုတ်) ပိဿာ	မိုးမြေပဲ (မြေပဲတောင့်/မြေပဲဆန်)	၅%	ဝယ်ယူသည့် သီးနှံပမာဏအပေါ် ပေးဆောင်ရန်
၂	ဆောင်းမြေပဲ (မြေပဲတောင့်/မြေပဲဆန်)	〃	ဆောင်းမြေပဲ (မြေပဲတောင့်/မြေပဲဆန်)	၅%	〃
၃	နှမ်း	〃	နှမ်း	၅%	〃
၄	နေကြာ	〃	နေကြာ	၅%	〃
၅	ဂျုံ	〃	ဂျုံ	၅%	〃

သီးနှံဖြင့် တစ်ကေပေးဆောင်ရမည့်နှုန်း

အမှတ်စဉ်	သီးနှံအမည်	ရေတွက်ပုံ	တစ်ကေပေးဆောင်ရမည့်နှုန်း	မှတ်ချက်
၁	၂	၃	၄	၅
၁	ပဲမျိုးစုံ			
	မတ်ပဲ	တင်း	၂၀	သီးနှံအလိုက် အချိန်အတွယ်၊ အစိုဓာတ်၊ အဖျင်း၊ အခွံမှုန်၊ ဖုန်၊ သဲ၊ ခဲ၊ ပိုးထိုး ပိုးကိုက်နှင့် အခြား ချွတ်ယွင်းချက်ပါသော ပဲ (လုံးဝိန် လုံးညှပ်၊ အပိန် အခွံ၊ အပူလောင်၊ အရောင်ပျက်၊ ပဲမျိုးကွဲ၊ အကျိုးအကြေ၊ ပဲညီအစ်မ) တို့ကို သတ်မှတ်ခွင့် ပြုထားသည့် တောင်အတွင်း ဖြစ်စေရပါမည်။
	ပဲတီစိမ်း	"	၂၀	
	ထောပတ်ပဲ	"	၂၀	
	ဗိုလ်ကိတ်ပဲ	"	၂၀	
	စွန်တာနီ	"	၂၀	
	စွန်တာပြာ	"	၂၀	
	ကုလားပဲ	"	၂၀	
	ပဲလွမ်း	"	၂၀	
	ပဲစင်းငုံ	"	၂၀	
	ပဲယင်း	"	၂၀	
	ပဲဖြူကခေလး	"	၂၀	
	ပဲကြီး	"	၂၀	
	ပဲကျား	"	၂၀	
	စားတော်ပဲ	"	၂၀	
	ပဲရုတ	"	၂၀	
	ပဲနောက်	"	၂၀	

သီးနှံဖြင့် တစ်ကေ ပေးဆောင်ရမည့်နှုန်း

အမှတ်စဉ်	သီးနှံအမည်	ရေတွက်ပုံ	တစ်ကေပေးဆောင်ရမည့်နှုန်း	မှတ်ချက်
၁	၂	၃	၄	၅
၂	**ဆီထွက်သီးနှံများ**			
	မိုးမြေပဲ	တင်း	၂	
	ဆောင်းမြေပဲ	"	၁	
	နှမ်း	"	၃	
	နေကြာ	"	၁	
၃	**နှံစဉ်းသီးနှံများ**			
	ဂျုံ	တင်း	၂	
	နှံစားပြောင်း	"	၂	
	အစေ့ထုတ်ပြောင်း	"	၂	
၄	**အခြားသီးနှံများ**			
	စားကြံ (လယ်ယာမြေတွင် စိုက်ပျိုးခြင်း)		*	* ရောင်တီတိုင်း၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တစ်ကေ စပါး ၁၀ တင်းနှုန်း၊ ကျွန်ပြည်နယ်နှင့် တိုင်းတို့တွင် တစ်ကေ စပါး ၁၀ တင်းနှုန်း သို့မဟုတ် မြေပဲ ၃ တင်းနှုန်း သို့မဟုတ် နှမ်း ၁ တင်းနှုန်း ပေးဆောင်ရန် ဖြစ်ပါသည်။
	ငှက်ပျော (လယ်ယာမြေတွင် စိုက်ပျိုးခြင်း)		*	
	အခြားသီးနှံ (လယ်ယာမြေတွင် စိုက်ပျိုးခြင်း)		*	

မှတ်ချက်။ ၁။ သီးထပ် သီးညှပ်စိုက်ပျိုးလျှင် မြေခွန်ကို အဓိကသီးနှံတစ်မျိုးအတွက်သာ ပေးဆောင်ရန် ဖြစ်ပါသည်။

၂။ ဆည်ရေသောက်ဒေသတွင် ဆည်ရေကိုအသုံးပြု၍ သီးထပ်စိုက်ပျိုးလျှင် စိုက်ပျိုးသည့် သီးနှံအလိုက် သတ်မှတ်သည့်နှုန်းဖြင့် အခွန်ကို ထပ်မံကောက်ခံရန် ဖြစ်ပါသည်။ (ရေခွန်ကောက်ခံရန် မလိုပါ။)

သီးနှံဖြင့် တစ်ကေပေးဆောင်ရမည့်နှုန်း

အမှတ်စဉ်	သီးနှံအမည်	ရေတွက်ပုံ	တစ်ကေ ပေးဆောင်ရမည့်နှုန်း	မှတ်ချက်
၁	၂	၃	၄	၅
၁	စက်မှုကုန်ကြမ်းသီးနှံများ			
	ဝါကြီး	ပိဿာ	၁၃	ကြွယ်မပါစေရပါ။
	ဝါကလေး	″	၁၃	″
	မလှိုင် ၅/၆	″	၁၃	″
	ချည်မျှင်ရှည်ဝါ	″	၁၃	″
	ချက်ကြံ	တန်	၄	အချိုဓာတ်အနိမ့်ဆုံး ၁၁ ရာခိုင်နှုန်း ဖြစ်ရပါမည်။

မှတ်ချက်။ ၁။ သီးညှပ်စိုက်ပျိုးလျှင် မြေခွန်ကို အဓိကသီးနှံတစ်မျိုးအတွက်သာ ပေးဆောင်ခန့် ဖြစ်ပါသည်။

၂။ ချည်မျှင်ရှည်ဝါ စိုက်ပျိုးပြီးနောက် ဆည်ရေကိုအသုံးပြု၍ သီးထပ်စိုက်ပျိုးလျှင် ချည်မျှင်ရှည်ဝါအတွက် သတ်မှတ်သည့်နှုန်းဖြင့် အခွန်ကောက်ခံရန်အပြင် သီးထပ်စိုက်ပျိုးသည့် သီးနှံအတွက်ပါ သတ်မှတ်သည့်နှုန်းဖြင့် အခွန်ကောက်ခံရန် ဖြစ်ပါသည်။ (ရေခွန်ကောက်ခံရန် မလိုပါ။)

လက်ကားမှတ်ပုံတင် ပဂ္ဂလိကလုပ်ငန်းရှင်များက သီးနှံဖြင့် ပေးဆောင်ရမည့် အခွန်နှုန်းထား

အမှတ်စဉ်	ဝယ်ယူသည့်သီးနှံအမည်	ရောတွက်ပုံ	ပေးဆောင်ရမည့်သီးနှံ	ပေးဆောင်ရမည့် အခွန်နှုန်းထား	မှတ်ချက်
၁	၂	၃	၄	၅	၆
၁	မုတ်ပဲ	တင်း (သို့မဟုတ်) တန်	မုတ်ပဲ	၅%	ဝယ်ယူသည့် သီးနှံပမာဏအပေါ် ပေးဆောင်ရန်
၂	ပဲတီစိမ်း	〃	ပဲတီစိမ်း	၅%	〃
၃	ဆောပတ်ပဲ	〃	ဆောပတ်ပဲ	၅%	〃
၄	စွန်တာနီ	〃	စွန်တာနီ	၅%	〃
၅	စွန်တာပြာ	〃	စွန်တာပြာ	၅%	〃
၆	ပဲစင်းငုံ	〃	ပဲစင်းငုံ	၅%	〃
၇	ပဲယဉ်း	〃	ပဲယဉ်း	၅%	〃
၈	ဗိုလ်ကိတ်ပဲ	〃	ဗိုလ်ကိတ်ပဲ	၅%	〃
၉	ကုလားပဲ	〃	ကုလားပဲ	၅%	〃
၁၀	ပဲလွမ်း	〃	ပဲလွမ်း	၅%	〃
၁၁	ပဲဖြူကလေး	〃	ပဲဖြူကလေး	၅%	〃
၁၂	ပဲကြီး	〃	ပဲကြီး	၅%	〃
၁၃	ပဲကျား	〃	ပဲကျား	၅%	〃
၁၄	စားတော်ပဲ	〃	စားတော်ပဲ	၅%	〃
၁၅	ပဲဆာဇာ (ပဲနီကလေး)	〃	ပဲဆာဇာ (ပဲနီကလေး)	၅%	〃
၁၆	ပဲနောက်	〃	ပဲနောက်	၅%	〃
၁၇	ပြောင်းဖူးစေ့ (အစေ့ထုတ်ပြောင်း)	〃	ပြောင်းဖူးစေ့ (အစေ့ထုတ်ပြောင်း)	၅%	〃

ဇယား (၅)

လက်ကားမှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်များက သီးနှံဖြင့် ပေးဆောင်ရမည့် အခွန်နှုန်းထား

အမှတ်စဉ်	ဝယ်ယူသည့် သီးနှံအမည်	ရေတွက်မှုံ	ပေးဆောင်ရမည့်သီးနှံ	ပေးဆောင်ရမည့် အခွန်နှုန်းထား	မှတ်ချက်
၁	၂	၃	၄	၅	၆
၁	မိုးမြေပဲ (မြေပဲတောင့်/မြေပဲဆန်)	တင်း (သို့မဟုတ်) တန် (သို့မဟုတ်) ပိဿာ	မိုးမြေပဲ (မြေပဲတောင့်/မြေပဲဆန်)	၅%	ဝယ်ယူသည့် သီးနှံပမာဏအပေါ် ပေးဆောင်ရန်
၂	ဆောင်းမြေပဲ (မြေပဲတောင့်/မြေပဲဆန်)	〃	ဆောင်းမြေပဲ (မြေပဲတောင့်/မြေပဲဆန်)	၅%	〃
၃	နှမ်း	〃	နှမ်း	၅%	〃
၄	နေကြာ	〃	နေကြာ	၅%	〃
၅	ဂျုံ	〃	ဂျုံ	၅%	〃

အပိုင်း ၄

နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ

အခန်း (၁)

ရည်မှန်းချက်နှင့်သီးခြေများ

၁၂။ (က) နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆုန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၁၀) နှင့် (၁၁) တို့တွင် ဖော်ပြထားသော ငွေများသည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်း များက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများ ဖြစ်သည်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁၀) နှင့် (၁၁) တို့တွင် ဖော်ပြထားသည့်ပုဂ္ဂိုလ် ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေကို စီမံခန့်ခွဲရာ၌ ဇယား (၁၀) နှင့် (၁၁) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံရသည့် ပုဂ္ဂိုလ်၏အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များနှင့် အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံး လုပ်နည်း များကို ချမှတ်ဆောင်ရွက် ကြရမည်။

အခန်း (၅)

နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၃။ (က) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁၀) နှင့် (၁၁) တို့တွင် ဖော်ပြထားသောငွေမျှကို မြှောင်းလဲ ပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအတွက် နိုင်ငံတော်က စိုက်ထားသောငွေကို ဖြစ်စေ၊ ထုတ်ချေးထားသောငွေကို ဖြစ်စေ၊ ထောက်ပံ့ထားသောငွေကို ဖြစ်စေ၊ အကျိုးတူရင်းနှီးမြှုပ်နှံမှု မှ တည်ငွေအဖြစ် ပြောင်းလဲရန် လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းရည်မှန်းချက်များနှင့်အညီ စီးပွားရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ကြရာ၌ အခြေပြုနိုင်ရန် ထိုအဖွဲ့အစည်း အသီးသီးအတွက် လုပ်ငန်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကို သတ်မှတ်ပေးနိုင်သည်၊

(င) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်ပစ္စည်း ဈေးနှုန်းများနှင့် ဂန်ဆောင်ခနှုန်းထားများကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်၊

(စ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအား လိုအပ်သောစည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဆ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သော ငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဇ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမပါဝင်စေရ၊

(ဈ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဆ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား အပ်နှင်းနိုင်သည်။

အခန်း (၃)

နိုင်ငံတော်၏ ဝိုးပွားရေး အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၄။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၁၀) နှင့် (၁၁) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၁၀) နှင့် (၁၁) တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းအသီးသီးသည် ပုဒ်မ ၁၃ ပုဒ်မခွဲ (ဆ) အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

၁၅။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၁၀) နှင့် (၁၁) တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၈၈-၈၉ ခုနှစ်အတွက် ပြုပြင်ပြီးဖြစ်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် အလားတူအဖွဲ့အစည်းများ

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ								
			အခွန်အကောက်	နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီ ရငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ
									ထုတ်ချေးငွေအတွက် ပြန်ရငွေ	ချေးယူရငွေ	
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် အလားတူ အဖွဲ့အစည်းများ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ			၂၃,၂၁၀,၉၇၁,၁၀၀		၁၀,၂၉၀,၀၀၀	၃၀၆,၀၀၇,၀၀၀	၃၂,၁၃၀,၅၀၀	၁,၆၀၀,၀၇၇,၀၀၀	
	ပေါင်း				၂၃,၂၁၀,၉၇၁,၁၀၀		၁၀,၂၉၀,၀၀၀	၃၀၆,၀၀၇,၀၀၀	၃၂,၁၃၀,၅၀၀	၁,၆၀၀,၀၇၇,၀၀၀	

ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ

ဇယား (၁၁)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ							
			သာမန်သုံးငွေ	အကိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ်စသည့်အဖွဲ့အစည်းများ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၂၃,၃၂၃,၆၆၆,၃၀၀			၄,၃၉၇,၃၄၈,၄၀၀	၂၉,၀၇၅,၀၀၀	၁,၃၂၈,၇၃၇,၈၀၀	၆၂,၅၆၈,၀၀၀	
	ပေါင်း		၂၃,၃၂၃,၆၆၆,၃၀၀			၄,၃၉၇,၃၄၈,၄၀၀	၂၉,၀၇၅,၀၀၀	၁,၃၂၈,၇၃၇,၈၀၀	၆၂,၅၆၈,၀၀၀	

အပိုင်း ၅

ည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များ

အခန်း (၁)

ရင်ငွေများနှင့် သုံးငွေများ

ပွဲရာ

(က) စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာဌေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၁၂) နှင့် (၁၃) တို့တွင် ဖော်ပြထားသောငွေများသည် စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်၊

(ဂ) စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၂) နှင့် (၁၃) တို့တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေကို စီမံခန့်ခွဲရာ၌ ဇယား (၁၂) နှင့် (၁၃) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံရသည့် ပုဂ္ဂိုလ်၏ အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များနှင့် အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ် ဆောင်ရွက်ကြရမည်။

အခန်း (၂)

စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၇။ (က) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁၂) နှင့် (၁၃) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေး အဖွဲ့အား လိုအပ်သော စည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေ ထုတ်ပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များက လုပ်ငန်းလုပ်ကိုင်ရန် ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှခေါ်ယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဂ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအား အပ်နှင်းနိုင်သည်။

အခန်း (၃)

စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၈။ (က) စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၁၂) နှင့် (၁၃) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ်၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၁၂) နှင့် (၁၃) တို့တွင် ဖော်ပြထားသော ငွေများကို စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များက မိမိတို့ လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည်၊

(ဂ) စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့အသီးသီးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက်မကျော်လွန်ဘဲ ချေးယူနိုင်သည်။

၁၉။ (က) စည်ပင်သာယာရေးကော်မတီများနှင့်စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၁၂) နှင့် (၁၃) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ပြည်သူ့လုတ်တော်သို့ တင်ပြသော ၁၉၈၈-၈၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၁၂)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ									
			အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ	စုဆောင်းငွေ
									ထုတ်ချေးငွေအတွက်ပြန်ရငွေ	ချေးယူရငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိစည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၁၀၅,၄၁၈,၆၄၀	[illegible]	၁၉၄,၆၃၄,၂၈၀			ပြုပြင်ကြေး		၄၀,၆၈၅,၁၃၀		
၂	ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ	၎င်း	၃၀၆,၉၄၀	[illegible]	၃,၆၃၆,၁၂၀							
	ပေါင်း		၁၀၅,၇၂၅,၅၈၀		၁၉၈,၂၇၀,၄၀၀					၄၀,၆၈၅,၁၃၀		

ဇယား (၁၃)

စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ							
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၂၅၄,၁၁၃,၆၀၀			၁၀၃,၆၂၅,၄၉၀		၄၆,၄၇၅,၃၀၀		
၂	ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေး အဖွဲ့များ	၎င်း	၃,၀၂၃,၇၀၀			၆၉၂,၅၀၀				
	ပေါင်း ...		၂၅၇,၁၃၇,၃၀၀			၁၀၄,၃၁၇,၉၉၀		၄၆,၄၇၅,၃၀၀		

အပိုင်း ၆

အထွေထွေ

၂၀။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရင်ဆိုင်ထက် တိုးချဲ့သုံးမဟုတ် လျော့ချရသော ရင်ဆိုများနှင့်စပ်လျဉ်းချသော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်းချသော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်းချသော်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်းချသော်လည်းကောင်း ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်၏ နောက်ထပ်ရင်ဆို သုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ပါရှိသော စည်းကမ်းချက်များနှင့်ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော်သို့ တင်ပြတောင်းခံနိုင်သည်။

ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို
ရုပ်သိမ်းသည့်ဥပဒေ

ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

[၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၅]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေ
တတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ
များကို ပြင်ဆင်သည့် နည်းဥပဒေများ

၁၉၇၄ ခုနှစ်၊ မူးယစ်ဆုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

[၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေများ အမှတ် ၁]

ပြည်သူ့လွှတ်တော်သည် အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်း လိုက်သည်။

၁။ ဤနည်းဥပဒေများကို ၁၉၇၄ ခုနှစ်၊ မူးယစ်ဆုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၄ ခုနှစ်၊ မူးယစ်ဆုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါနည်းဥပဒေခွဲ ဖြင့် အစားထိုးရမည်—

(ဃ) **ဆေးသုံးစွဲသူ** ဆိုသည်မှာ မူးယစ်ဆုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါး တစ်မျိုးမျိုးကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲသူကို ဆိုသည်၊

၃။ ၁၉၇၄ ခုနှစ်၊ မူးယစ်ဆုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး များဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ငါ)၊ (စ)၊ (ဆ) နှင့် (စျ) တို့တွင် "အမြဲသုံးစွဲနေသူများ" ဟူသော စကားရပ်ကို "ဆေးသုံးစွဲသူ" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၇၄ ခုနှစ်၊ မူးယစ်ဆုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဇ) ပါ အကြောင်းအရာ အားလုံးကို ပယ်ဖျက်ရမည်။

၅။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးမှုဆိုင်ရာ နည်းဥပဒေ ၁၉ တွင် "တာဝန်ဆောင်ရွက်ရန် အတွက် လိုအပ်သည့် အတိုင်း လက်ဝယ်ထားရှိခွင့် ပြုသည်" ဟူသော စကားရပ်ကို "တာဝန်ဆောင်ရွက်ရန် လက်ဝယ်ထားခွင့်ရှိသော ဆေးဝါးအမျိုးအစားနှင့် ပမာဏကို သတ်မှတ်နိုင်သည်" ဟူသော စကားရပ် ဖြင့် အစားထိုးရမည်။

၆။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးမျှားဆိုင်ရာ နည်းဥပဒေ ၄၅ တွင် ပါရှိသော "ပြည်သူ့ရဲတပ်ဖွဲ့ သို့မဟုတ် အကောက်ခွန် ဦးစီးဌာနက ဆောင်ရွက်ရမည်" ဟူသော စကားရပ်ကို "ပြည်သူ့ရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော အဖွဲ့အစည်းက ဆောင်ရွက်ရမည်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးမျှားဆိုင်ရာ နည်းဥပဒေ ၅၂ တွင် အောက်ပါ နည်းဥပဒေခွဲကို နည်းဥပဒေခွဲ (၈) အဖြစ် ဖြည့်စွက်ရမည်—

(၈) သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော ဝန်ထမ်း။

၈။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးမျှားဆိုင်ရာ နည်းဥပဒေ ၅၃ နည်းဥပဒေခွဲ (ခ) ကို အောက်ပါ နည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(ခ) ရှာဖွေရန် အမိန့်ကို ပြည်သူ့ရဲတပ်ဖွဲ့ အတွက် ဖြစ်လျှင် ဒု-လုံခြုံရေးမှူး အဆင့် (၂) ကက် မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာန အတွက် ဖြစ်လျှင် အကောက်ခွန်ဝန်ထမ်း အဆင့် (၁) ထက် မနိမ့်သော ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော ဝန်ထမ်းကို ဖြစ်စေ အတည်ပြုရန် ဆင့်ဆိုနိုင်သည်။

၉။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၄ နည်းဥပဒေခွဲ (က)၊ (ဂ)၊ (ဃ) နှင့် (ဇ) တို့တွင် "ပြည်သူ့ရဲတပ်ဖွဲ့ဝင် သို့မဟုတ် အကောက်ခွန်ဝန်ထမ်း" ဟူသော စကားရပ်ကို "ပြည် သူ့ ရဲ တပ် ဖွဲ့ ဝင်၊ အကောက်ခွန် ဝန်ထမ်း သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သောဝန်ထမ်း" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၅ နည်းဥပဒေခွဲ (က) တွင် "မြန်မာနိုင်ငံ ဓာတုဗေဒဝန်၊ ရန်ကုန်မြို့" ဟူသော စကားရပ်ကို "သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော ဓာတုဗေဒစမ်းသပ် စစ်ဆေးရေးဌာန" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄ နှင့် ၆၅ တို့တွင် ပါရှိသော "အမြဲသုံးစွဲသူများ" ဟူသော စကားရပ်ကို "ဆေးသုံးစွဲသူ" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၆၆ ပါ အကြောင်းအရာအားလုံးကို ပယ်ဖျက်ရမည်။

၁၃။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၆၇ တွင် ပါရှိသော "အမြဲသုံးစွဲသူများနှင့် ရံဖန်ရံခါ သုံးစွဲသူများ" ဟူသော စကားရပ်ကို "ဆေးသုံးစွဲသူ" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၆၇ နည်းဥပဒေခွဲ (ခ) ၏ ခေါင်းစဉ်တွင် "ရံဖန်ရံခါ သုံးစွဲနေသူများအား ဆေးကုသပေးခြင်း" ဟူသော စကားရပ်ကို "ပညာပေးခြင်း၊ ဆွေးနွေးခြင်း" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး များဆိုင်ရာ နည်းဥပဒေ ၆၇ နည်းဥပဒေခွဲ (ခ) (၁) ပါ စကားရပ် အားလုံးကို ပယ်ဖျက်ရမည်။

၁၆။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး များဆိုင်ရာ နည်းဥပဒေ ၇၀ ပါ အကြောင်းအရာအားလုံးကို ပယ်ဖျက် ရမည်။

၁၇။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ အခန်း (၁၃) တွင် အောက်ပါ နည်းဥပဒေကို နည်းဥပဒေ ၇၀-က အဖြစ် ဖြည့်စွက်ရမည်—

> ၇၀-က။ မည်သူမဆို အောက်ဖော်ပြပါ မူးယစ်ထုံထိုင်း ဘေးဖြစ် စေတတ်သော ဆေးဝါးတစ်မျိုးမျိုးကို ယင်းနှင့် ပတ်သက်တဲ့ဖော်ပြ ထားသော အလေးချိန် သို့မဟုတ် ယင်း အလေး ချိန် ထက် မို့၍ လက်ဝယ်ထားလျှင်ဖြစ်စေ၊ သယ်ယူပို့ဆောင်လျှင်ဖြစ်စေ ပုဒ်မ ၆-က အရ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၇-က အရ ရောင်း ချ ရန် အ လို့ ငှာ သယ်ယူပို့ဆောင်သည် ဟူ၍လည်းကောင်း မှတ်ယူရမည်—
>
> (က) ဘိန်းဖြူ ဖြစ်ပါက သုံးဂရမ်၊
>
> (ခ) မော်ဖင်း ဖြစ်ပါက သုံးဂရမ်၊
>
> (ဂ) မိုရိုအက်စိတိုင်းမော်ဖင်းဖြစ်ပါက သုံးဂရမ်၊
>
> (ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ မူးယစ်ဆေးထိုင်း ဘေး ဖြစ် စေ တတ် သော ဆေး ဝါး စုစုပေါင်း တို့သည် သုံးဂရမ် သို့မဟုတ် ယင်းတို့အနက် နှစ်မျိုးပေါင်းသည် သုံးဂရမ်၊
>
> (ဃ) ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်၊

(စ) ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်း နှစ်ဆယ့်ငါးဂရမ်၊

(ဆ) ကိုကားရွက် ဖြစ်ပါက တစ်ရာဂရမ်၊

(ဇ) ကိုကင်းဖြစ်ပါက သုံးဂရမ်၊

(ဈ) သက်ဆိုင်ရာ ဝန်ကြီးဌာနက မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးအဖြစ် အခါအားလျော်စွာ သတ်မှတ်သော ဆေးဝါးနှင့် အလေးချိန်။

ပ၊စ၊က/၈၉၆/၈၈/လွှတ်တော်ရုံး/၁၅၁၀+၂၅/၈၈/ ဖလ ။